**(၃) ပင်စည်ပုပ်ရောဂါ (Charcoal rot/Stem rot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Macrophomina phaseolina (Tassi) Goid***

**ရောဂါလက္ခဏာ**

နေကြာပင်ပန်းပွင့်ပြီးနောက်ပိုင်း အပူချိန်မြင့်ခြင်း၊ ရေငတ်ခြင်းတို့ကြောင့် ဤရောဂါ အဖြစ်များသည်။ မြေပြင်နှင့်ကပ်လျှက် ပင်စည်ပိုင်းတွင်အရောင်ပျက်ကာ မီးခိုးရောင် (သို့) ငွေရောင် ရောဂါကွက်ကိုတွေ့ရသည်။ ပင်စည်သည်ခြောက်လာပြီး ခွဲကြည့်ပါက အမဲရောင်မှိုစပိုးများကို မီးသွေးမှုန့်များသဖွယ်တွေ့ရသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသောမျိုးကိုရွေးချယ်စိုက်ပျိုးပါ။
- ပူပြင်းခြောက်သွေ့ပြီး ရေငတ်လျှင်ရောဂါကျရောက်တတ်သဖြင့် ရေရရှိအောင် ဆောင်ရွက်ပါ။
- ပိုတက်ရှ် မြေသြဇာနှင့် သဘာဝမြေသြဇာများကိုအတတ်နိုင်ဆုံး ထည့်သွင်း ပေးပါ။
- ပင်ကြွင်းပင်ကျန်များအားမီးရှို့ဖျက်ဆီးပါ။
- ရောဂါကျရောက်ပါကအောက်ပါမှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် အပင်ခြေရင်း သို့ရွှဲရွှဲ ပက်ဖျန်းပါ။
- Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Captan (ကက်ပ်တန်)၊ Tebuconazole (တက်ဗျူကိုနာဇိုး)၊ Hymexazol (ဟိုင်မီဇာဇိုးလ်)
- Difenoconazole (ဒီဖီနိုကိုနာဇိုး)